**ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်ကောင်စီ**

# ၁၉၈၇ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုရည်မှန်းချက်များဆိုင်ရာ ဥပဒေ

**(၁၉၈၇ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၂)**

**ရန်ကုန်မြို့၊ ၁၃၄၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်**

**(၁၉၈၇ ခုနှစ်၊ မတ်လ ၁၆ ရက်)**

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

နိဒါန်း

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် အနှစ် ၂၀ နှစ်ရှည်စီမံကိန်းနှင့် ပဉ္စမလေး နှစ်စီမံကိန်းလမ်းညွှန်မှုများတွင် ပါရှိသည့် ရည်မှန်းချက်များနှင့် ပဉ္စမလေးနှစ်စီမံကိန်း (၁၉၈၆-၈၇ မှ ၁၉၈၉-၉၀) ၏ ရည်မှန်းချက်များကို ရရှိစေရန်အလို့ငှာ ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြ ဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် စတင်အာဏာတည်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၈၇ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက် များဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၁၉၈၇-၈၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၁၉၈၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာ ဏာတည်ရမည်။

## အခန်း(၂)

## စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရေး

၂။ စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ အစည်းအဝေးက အတည်ပြုပေးခဲ့သော ပဉ္စမလေးနှစ်စီမံ ကိန်း ရည်မှန်းချက်များနှင့်အညီ ရေးဆွဲထားသည့် ပဉ္စမလေးနှစ်စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သော ၁၉၈၇-၈၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် အောက်ပါဇယားရှိ ကဏ္ဍအလိုက် ရည်မှန်းချက်များကို ရရှိနိုင်ရန် ထိုကဏ္ဍ များနှင့် ယှဉ်တွဲဖော်ပြသော အဖွဲ့အစည်းများက စပ်ဟပ်ညှိနှိုင်း၍ ဆောင်ရွက် အကောင်အထည်ဖော် ကြရမည်။

(ပုံ) စန်းယု

ဥက္ကဋ္ဌ၊

နိုင်ငံတော်ကောင်စီ၊

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

Myanmar Law Information System (MLIS)

ရန်ကုန်မြို့၊ ၁၃၄၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်။
(၁၉၈၇ ခုနှစ်၊ မတ်လ ၁၆ ရက်)

အမိန့်အရ
(ပုံ)ဗိုလ်မှူးကြီးတင်လှိုင်
ညွှန်ကြားရေးမှူးချုပ်

----- **Attachment** -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ၁၉၈၇ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုရည်မှန်းချက်များဆိုင်ရာ ဥပဒေ၏နောက်ဆက်တွဲဇယား

Myanmar Law Information System (MLIS)